# မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ

( ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ၂၉  ။)

၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော်  ၃  ရက်

(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ  ၆  ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း (၁)

## စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ

### အခန်း(၁)

### အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်များ

၁။ (က) ဤဥပဒေကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

(ဂ) ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(၁) **သက်ဆိုင်ရာဥပဒေ** ဆိုသည်မှာ နိုင်ငံတော်၏အတည်ဖြစ်လျက်ရှိသော ဥပဒေများ ဖြစ်ပြီး သက်ဆိုင်ရာကိစ္စရပ်အပေါ်တွင် အကျိုးသက်ရောက်မှုရှိသော ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာနှင့် အမိန့်တစ်ရပ်ရပ်ကို ဆိုသည်။

(၂) **တွဲဖက်လုပ်ကိုင်သူ** ဆိုသည်မှာ -

(ကက) အထူးသဖြင့် ကုမ္ပဏီတစ်ခုနှင့် သက်ဆိုင်သည့်အခါတွင်-

(၁) ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး၊

(၂) ဆက်စပ်သည့်အဖွဲ့အစည်း၊

(၃) ဆက်စပ်သည့် အဖွဲ့အစည်းတစ်ခု၏ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးနှင့်

(၄) ကုမ္ပဏီကို ထိန်းချုပ်အုပ်ချုပ်နေသော သို့မဟုတ် ကုမ္ပဏီ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကိုခံရသော ပုဂ္ဂိုလ်တစ်ဦးဦးကိုဆိုသည်။

(ခခ) ယေဘုယျအားဖြင့် ပုဂ္ဂိုလ်တစ်ဦးဦး (ကုမ္ပဏီတစ်ခုအပါအဝင်) နှင့် သက်ဆိုင်သည့်အခါတွင်-

(၁) သက်ဆိုင်သည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသော သို့မဟုတ် ဆောင်ရွက်မည်ဖြစ်သော ပုဂ္ဂိုလ်တစ်ဦးဦးနှင့် အတူတကွ လုပ်ကိုင်ဆောင်ရွက်နေသူတစ်ဦးဦး သို့မဟုတ်

(၂) သက်ဆိုင်သည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ အခြားနည်းတစ်ရပ်ရပ်ဖြင့် တရားဝင်သော်လည်းကောင်း၊ တရားမဝင်သော်လည်းကောင်း တွဲဖက်ဆောင်ရွက်ခဲ့သည့် သို့မဟုတ် တွဲဖက်ဆောင်ရွက်မည့် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ်

(၃) သက်ဆိုင်သည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ သတ်မှတ်ဖော်ပြထားသည့် တစ်ဦးဦးကိုဆိုသည်။

(ဂဂ) သို့သော်အောက်ပါအကြောင်းကြောင့်မျှဖြင့် ပုဒ်မခွဲငယ်စိတ် (ကက) သို့မဟုတ် ပုဒ်မခွဲငယ်စိတ် (ခခ) အရ တွဲဖက်လုပ်ကိုင်သူတစ်ဦးဟု သတ်မှတ်နိုင်သည့်သူများကို မည်သည့်ကိစ္စရပ်တွင်မျှ ထည့်သွင်းခြင်း မပြုရ-

(၁) အတတ်ပညာဆိုင်ရာကျွမ်းကျင်မှု သို့မဟုတ် စီးပွားရေးလုပ်ငန်း ဆက်စပ်ဆောင်ရွက်မှုတစ်ရပ်ရပ်နှင့်သက်ဆိုင်သည့် တာဝန်များကို ဆောင်ရွက်ရာတွင် ပုဂ္ဂိုလ်တစ်ဦးသို့အကြံပေးခြင်း သို့မဟုတ် ၎င်းကိုယ်စား ပြုလုပ်ဆောင်ရွက်ခြင်း သို့မဟုတ်

(၂) ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် အမျိုးအစားအလိုက် ကုမ္ပဏီတွင် ပါဝင်သူ၏ အစည်းအဝေး၌ ပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်စားလှယ် သို့မဟုတ် ကိုယ်စားအဖြစ် ခန့်အပ်ခံရခြင်း။

(၃) **အခွင့်အာဏာအပ်နှင်းခြင်းခံရသောအရာရှိ** ဆိုသည်မှာ ဤဥပဒေတွင်ပါရှိသော ကိစ္စရပ်အတွက် ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ရန်အလို့ငှာ ပြည်ပကော်ပိုရေးရှင်း တစ်ခုက ခန့်အပ်ထားသောနိုင်ငံတော်အတွင်း အများအားဖြင့်နေထိုင်သူ ပုဂ္ဂိုလ် တစ်ဦးဦးကို ဆိုသည်။

(၄) **ဘုတ်အဖွဲ့ သို့မဟုတ် ဒါရိုက်တာအဖွဲ့** ဆိုသည်မှာ ကုမ္ပဏီတစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာအဖွဲ့အဖြစ် အတူတကွလုပ်ကိုင်ဆောင်ရွက်ကြသော ကုမ္ပဏီ၏ဒါရိုက်တာများကိုဆိုသည်။ ဒါရိုက်တာတစ်ဦးတည်းရှိသည့်ကုမ္ပဏီတွင် အဆိုပါ ဒါရိုက်တာအဖွဲ့ ဆိုသည်မှာ ထိုဒါရိုက်တာတစ်ဦးကို ဆိုသည်။

(၅) **ကုမ္ပဏီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားသည့် ကုမ္ပဏီ သို့မဟုတ် တည်ဆဲကုမ္ပဏီ တစ်ခုခုကိုဆိုသည်။

(၆) **ကြွေးမြီပေးဆပ်ရသူ** ဆိုသည်မှာ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့် ကိစ္စရပ်တွင် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များ စာရင်းသို့ ငွေကြေးထည့်ဝင်ရန် တာဝန်ရှိသူများ အားလုံးကိုဆိုသည်။ ထို့ပြင် မည်သူများသည် ကြွေးမြီပေးဆပ်ရသူများဖြစ်သည် ဆိုသည်ကို ဆုံးဖြတ်ရန်အတွက် တရားစွဲဆိုဆောင်ရွက်မှုများနှင့် အပြီးသတ် ဆုံးဖြတ်ချက်မချမှတ်မီ တရားစွဲဆိုဆောင်ရွက်မှုများတွင် ကြွေးမြီပေးဆပ်ရသူတစ်ဦး ဖြစ်သည်ဟု စွပ်စွဲဖော်ပြခံရသူများလည်း ပါဝင်သည်။

(၇) **ကော်ပိုရေးရှင်း** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဤဥပဒေမှအပ အခြားနိုင်ငံတစ်ခုခု၏ ဥပဒေတစ်ရပ်ရပ် အပါအဝင် အခြားဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသော အဖွဲ့အဖွဲ့အစည်းတစ်ရပ်ကို ဆိုသည်။

(၈) **တရားရုံး** ဆိုသည်မှာ ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိသော တရားရုံးကိုဆိုသည်။

(၉) **ဒီဘင်ချာ** ဆိုသည်မှာ ကုမ္ပဏီမှချေးယူထားသော ငွေအတွက် အဆိုပါကုမ္ပဏီမှ ထုတ်ပေးသော သက်သေခံလက်မှတ်ကို ဆိုသည်။ ယင်းတွင် ဒီဘင်ချာစတော့ ရှယ်ယာလည်း ပါဝင်သည်။

(၁၀) ဤဥပဒေတွင်ပါရှိသောကိစ္စရပ်များအတွက် **ဒါရိုက်တာ** ဆိုသည်မှာ ကုမ္ပဏီတစ်ခု သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခု၏ -

(ကက) ဒါရိုက်တာ ရာထူးနေရာတွင် ခန့်အပ်ခံရသူ သို့မဟုတ် အလှည့်ကျ ဒါရိုက်တာ ရာထူးနေရာတွင် ခန့်အပ်ခံရသူဖြစ်ပြီး အဆိုပါရာထူးနေရာတွင် ထမ်းဆောင်နေသူ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ်

(ခခ) ဒါရိုက်တာ သို့မဟုတ် အလှည့်ကျဒါရိုက်တာ ရာထူးနေရာတွင် ခန့်အပ်ခြင်းမခံရသော်လည်း အောက်ပါအတိုင်း ဆောင်ရွက်နေသူ တစ်ဦးဦးကိုဆိုသည်-

(၁) ဒါရိုက်တာရာထူးနေရာတွင် ခန့်အပ်ခြင်းခံရသကဲ့သို့ ထမ်းဆောင်နေသူ သို့မဟုတ်

(၂) ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ ဒါရိုက်တာများကို ၎င်း၏ ညွှန်ကြားချက် သို့မဟုတ် ဆန္ဒနှင့်အညီ လိုက်နာဆောင်ရွက်စေရန် သို့မဟုတ် ထိုသို့လိုက်နာဆောင်ရွက်စေရန် ညွှန်ကြားချက်ပေးသူ သို့မဟုတ် ဒါရိုက်တာအဖွဲ့က ကျင့်သုံးဆောင်ရွက်နိုင်သည့် အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်သူ သို့မဟုတ် ထိုသို့ ကျင့်သုံး ဆောင်ရွက်မှုအား ထိန်းချုပ်သူ။

ပုဂ္ဂိုလ်တစ်ဦး၏ အတတ်ပညာဆိုင်ရာ လုပ်ငန်းတာဝန်များကို လျော်ကန်စွာဆောင်ရွက်၍ ပုဂ္ဂိုလ်တစ်ဦးဦး၏ အကြံပေးမှုကြောင့် သို့မဟုတ် အဆိုပါပုဂ္ဂိုလ်သည် ဒါရိုက်တာများ၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းနှင့် စီးပွားရေးလုပ်ငန်း ဆက်သွယ်ဆောင်ရွက်မှုရှိခြင်း တို့ကြောင့် ဒါရိုက်တာများက လိုက်နာဆောင်ရွက်သည်ဆိုသော အကြောင်းမျှဖြင့် ဤပုဒ်မခွဲငယ်၏ ပုဒ်မခွဲငယ်စိတ် (ခခ)၊ (၂) ပါ ပြဋ္ဌာန်းချက်အား ကျင့်သုံးခြင်းနှင့် သက်ဆိုင်မှု မရှိစေရ။

(၁၁) **တည်ဆဲကုမ္ပဏီ** ဆိုသည်မှာ ရုပ်သိမ်းခဲ့သည့် ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်း တည်ထောင်၍ မှတ်ပုံတင်ထားသည့် ကုမ္ပဏီတစ်ခုခုကို ဆိုသည်။

(၁၂) **ကျွမ်းကျင်သူ** ဆိုသည်မှာ ပုဒ်မ ၂၁၄ ပါကိစ္စရပ်များအတွက် အင်ဂျင်နီယာ၊ တန်ဖိုးသတ်မှတ်သူ၊ စာရင်းကိုင်နှင့် ရေးသားဖော်ပြချက်တစ်ရပ် ပြုစုရာတွင် အတတ်ပညာဆိုင်ရာ ခွင့်ပြုချက်ပေးရသူတစ်ဦးဦးကို ဆိုသည်။

(၁၃) **ငွေကြေးအထောက်အပံ့** ဆိုသည်တွင် ငွေချေးခြင်း၊ အာမခံလက်မှတ်ပေးခြင်း၊ အာမခံခြင်း၊ တာဝန်တစ်ရပ်ရပ်ကို စွန့်လွှတ်ခြင်း သို့မဟုတ် ကြွေးမြီ သို့မဟုတ် အခြားတစ်ခုခုကို စွန့်လွှတ်ခြင်းအားဖြင့် ငွေကြေးအထောက်အပံ့ပေးခြင်းတို့ ပါဝင်သည်။

(၁၄) **နိုင်ငံခြားကုမ္ပဏီ** ဆိုသည်မှာ ပြည်ပကော်ပိုရေးရှင်း သို့မဟုတ် အခြားနိုင်ငံခြားသား တစ်ဦးဦး သို့မဟုတ် ၎င်းတို့ပေါင်းစည်းလျက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သော နည်းဖြင့်ဖြစ်စေ ပိုင်ဆိုင်မှုပမာဏ ၃၅ ရာခိုင်နှုန်းအထက် ပိုမိုသည့် ပိုင်ဆိုင်မှု အကျိုးခံစားခွင့်တစ်ရပ်ရှိသော နိုင်ငံတော်၌ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီကိုဆိုသည်။

(၁၅) ကုမ္ပဏီတစ်ခုနှင့်ဆက်နွယ်နေသည့် **အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ** ဆိုသည်မှာ ဆက်နွယ်နေသည့် လက်အောက်ခံကုမ္ပဏီတစ်ခုအဖြစ် ရောက်ရှိနေသော ကုမ္ပဏီ၏ အစုများကို ပိုင်ဆိုင်သည့် ကုမ္ပဏီကိုဆိုသည်။

(၁၆) **ဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေအရ စီမံခန့်ခွဲမှုများပြုလုပ်ရန်နှင့် မှတ်ပုံတင် အရာရှိကိုကြီးကြပ်သည့် သို့မဟုတ် ဆောင်ရွက်သည့် ပြည်ထောင်စုဝန်ကြီးဌာန သို့မဟုတ် ယင်းကိုဆက်ခံသည့်အဖွဲ့အစည်း သို့မဟုတ် သက်ဆိုင်ရာဥပဒေအရ ဖွဲ့စည်းသည့် အဖွဲ့အစည်းကို ဆိုသည်။

(၁၇) **အရာရှိ (Officer)** ဆိုသည်မှာ ကုမ္ပဏီတစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခုတွင် အောက်ပါတို့အား ဆောင်ရွက်နိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည် -

(ကက) ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ စီးပွားရေးလုပ်ငန်းအားလုံးကို လည်းကောင်း၊ အဓိကအပိုင်းကိုလည်းကောင်း အကျိုးသက်ရောက်

စေမည့် ဆုံးဖြတ်ချက်များချမှတ်ဆောင်ရွက်သူ သို့မဟုတ် ထိုသို့ ချမှတ်ဆောင်ရွက်ရာတွင် ပါဝင်သူ သို့မဟုတ်

(ခခ) ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ဘဏ္ဍာရေးဆိုင်ရာ ခိုင်မာတောင့်တင်းမှုကို သိသာစွာ အကျိုးသက်ရောက်စေနိုင်သည့် ရာထူးနေရာအား ရရှိထားသူ။

(၁၈) **အော့ပ်ရှင်(option)** ဆိုသည်မှာ အချိန်ကာလတစ်ခုအတွင်း သဘောတူညီထားသည့် ဈေးနှုန်းဖြင့် အစုရှယ်ယာများ သို့မဟုတ် သက်သေခံလက်မှတ်များ ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်း ပြုလုပ်နိုင်သည့် အခွင့်အရေးကိုဆိုသည်။

(၁၉) **အများအားဖြင့်နေထိုင်သူ** ဆိုသည်မှာ သက်ဆိုင်ရာဥပဒေအရ အမြဲတမ်းနေထိုင်ခွင့် ရရှိထားသူ သို့မဟုတ် ၁၂ လတာ ကာလတစ်ခုချင်းစီတွင် နိုင်ငံတော်အတွင်း အနည်းဆုံး ၁၈၃ ရက်နေထိုင်သူကို ဆိုသည်။ ၁၂ လတာကာလ ဆိုသည်-

(ကက) တည်ဆဲကုမ္ပဏီ သို့မဟုတ် ရုပ်သိမ်းခဲ့သည့် ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားသည့် အဖွဲ့အစည်းဖြစ်ပါက ဤဥပဒေ စတင်အာဏာသက်ရောက်သည့်နေ့မှ စတင်ရမည်။

(ခခ) ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်မှတ်ပုံတင်ထားသည့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ဖွဲ့စည်းမှတ်ပုံတင်သည့်နေ့မှ စတင်ရမည်။

(၂၀) **သာမန်ဆုံးဖြတ်ချက်** ဆိုသည်မှာ သာမန်ဆုံးဖြတ်ချက်တစ်ရပ်အဖြစ် နည်းလမ်းတကျ ချမှတ်ဆောင်ရွက်ရန် ရည်ရွယ်ခဲ့ကြောင်း အထွေထွေအစည်းအဝေးအတွက် အကြောင်းကြားစာတွင် ဖော်ပြခဲ့ပြီး ကိုယ်တိုင်တက်ရောက်၍ဖြစ်စေ၊ ခွင့်ပြု ခန့်ထားသည့်ကိုယ်စားလှယ် တက်ရောက်၍ဖြစ်စေ မဲပေးခွင့်ရှိသောကုမ္ပဏီတွင် ပါဝင်သူများ၏ မဲအများစုဖြင့် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ကိုဆိုသည်။

(၂၁) **ပြည်ပကော်ပိုရေးရှင်း** ဆိုသည်မှာ နိုင်ငံတော်ပြင်ပတွင် ဖွဲ့စည်းတည်ထောင်ထားသည့် အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီတစ်ခုကို ဆိုသည်။

(၂၂) **ပိုင်ဆိုင်မှုအကျိုးခံစားခွင့်** ဆိုသည်မှာ ကုမ္ပဏီတွင် တရားဝင် သို့မဟုတ် သာတူညီမျှ

预览已结束，完整报告链接和二维码如下：
https://www.yunbaogao.cn/report/index/report?reportId=10_752560